ရှမ်းပြည်နယ်

စာကြည့်တိုက်ဥပဒေ(မူကြမ်း)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ	
		မှ	ထိ
၁။	အခန်း(၁)၊ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်	၁	၂
၂။	အခန်း(၂)၊ ရည်ရွယ်ချက်များ	၂	၃
၃။	အခန်း(၃)၊ ပြည်နယ်ကော်မတီနှင့် မြို့နယ်ကော်မတီဖွဲ့စည်းခြင်း	၃	၄
၄။	အခန်း(၄)၊ ပြည်နယ်ကော်မတီနှင့် မြို့နယ်ကော်မတီတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ	၄	၅
၅။	အခန်း(၅)၊ စာကြည့်တိုက် မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း	၆	၆
၆။	အခန်း(၆)၊ တားမြစ်ချက်များ	၆	၆
၇။	အခန်း(၇)၊ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့်အယူခံခြင်း	၇	၇
၈။	အခန်း(၈)၊ ပြစ်ဒဏ်များ	၇	၇
၉။	အခန်း(၉)၊ အထွေထွေ	၈	၈

ရှမ်းပြည်နယ် စာကြည့်တိုက်ဥပဒေ(မူကြမ်း)

(၂၀၂၆ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ။)

၁၃၈၈ခုနှစ်၊ သီတင်းကျွတ်လဆန်း ရက်

(၂၀၂၆ခုနှစ်၊ အောက်တိုဘာလ ရက်)

နိဒါန်း

ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ရှမ်းပြည်နယ် စာကြည့်တိုက် ဥပဒေ** ဟု ခေါ်တွင်ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပြည်နယ်** ဆိုသည်မှာ ရှမ်းပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြန်ကြားရေးဝန်ကြီးဌာနကို တာဝန်ယူရသည့် ပြည်နယ် ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ ပြည်နယ်အတွင်း စာကြည့်တိုက်လုပ်ငန်းများနှင့်စပ်လျဉ်း၍ တာဝန်ယူစီမံခန့်ခွဲရသည့် အစိုးရအဖွဲ့ဝန်ကြီးကို ဆိုလိုသည်။

(င) **ပြည်နယ်ကော်မတီ** ဆိုသည်မှာ ရှမ်းပြည်နယ်စာကြည့်တိုက်များ ကြီးကြပ်ရေး ကော်မတီကိုဆိုသည်။

(စ) **မြို့နယ်ကော်မတီ** ဆိုသည်မှာ မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဆ) **စာကြည့်တိုက်** ဆိုသည်မှာ စာအုပ်၊ စာတမ်း၊ စာပေပစ္စည်းများကို စုဆောင်း သိမ်းဆည်းထားသည့် အများပြည်သူလေ့လာဖတ်ရှု အသုံးပြုနိုင်ရန် ဖွင့်လှစ်ထားသော နေရာ၊ အခန်း သို့မဟုတ် အဆောက်အဦကို ဆိုသည်။ ဤစကားရပ်တွင် အများပြည်သူတို့အတွက် ရည်ရွယ်၍ ဖွင့်လှစ်ထားသည့် စာကြည့်တိုက်၊ ပိဋကတ်တိုက်၊ စာကြည့်ခန်း၊စာဖတ်ခန်း၊ စာကြည့်အသင်းနှင့် အများပြည်သူတို့ စာပေဖတ်ရှုရန် သို့မဟုတ် ငှားရမ်းရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ထားသည့် နေရာ၊ အခန်း သို့မဟုတ်

အဆောက်အအုံများနှင့် မော်တော်ယာဉ် စသည့် ယာဉ်တစ်မျိုးမျိုးဖြင့် လှည့်လည် ငှားရမ်းသည့် ရွှေ့လျားစာကြည့်တိုက်များလည်း ပါဝင်သည်။

(ဇ) **စာအုပ်၊ စာတမ်းနှင့် အခြားစာပေပစ္စည်း** ဆိုသည်မှာ မည်သည့်ဘာသာဖြင့်မဆို ရေးသားထားသည့် သို့မဟုတ် ထုတ်ဝေထားသည့် သို့မဟုတ် ပုံနှိပ်ထားသည့် လက်ရေး စာ၊ ပေစာ၊ ပုရပိုက်စာ၊ မင်စာ၊ ကျောက်စာ၊ ပုံနှိပ်စာ၊ စာနယ်ဇင်းများနှင့် မြေပုံ၊ ရုပ်ပုံ၊ ဓာတ်ပုံများ၊ ဂီတသင်္ကေတများ၊ဓာတ်ပြားများ၊ မိုက်ခရိုဖလင်များနှင့် ဆက်သွယ်ရေး ကွန်ယက်ကို အသုံးပြုထားသောစာပေများ အီလက်ထရောနစ် အရင်းအမြစ်များကို ဆိုသည်။

(စျ) **စာကြည့်တိုက်မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ပြည်နယ်ကော်မတီက ထုတ်ပေးသည့် စာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်ခွင့်ပြုသည့် မှတ်ပုံတင် လက်မှတ်ကို ဆိုသည်။

(ည) **ဦးစီးဌာန** ဆိုသည်မှာ ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို ဆိုသည်။

(ဋ) **ပြည်နယ်ဦးစီးမှူး** ဆိုသည်မှာ ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၏ တာဝန်ခံ အရာရှိကို ဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်သူများ အလွယ်တကူ စာပေလေ့လာဖတ်ရှုနိုင်ရန်နှင့် အသိပညာ ဗဟုသုတများ တိုးပွားစေရန်၊

(ခ) အမှားအမှန် ဝေဖန်ပိုင်းခြား၍ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်ရန်နှင့် ယဉ်ကျေး သိမ်မွေ့ပြီး ကိုယ်ကျင့်တရား ကောင်းမွန်သည့် နိုင်ငံသားကောင်းများ ပေါ်ထွက်လာ စေရန်၊

(ဂ) အစဉ်လေ့လာသင်ယူနေသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအဖြစ် တည်ဆောက်ရန်၊

(ဃ) ခိုင်မာသည့် စာကြည့်တိုက် အဆောက်အအုံများ၊ ပရိဘောဂများ၊ ခေတ်နှင့်လျော်ညီ သော စာအုပ်စာတမ်းများနှင့် စာပေပစ္စည်း အရင်းအမြစ်များ တိုးပွားစေရန်၊

(ဂ) စာကြည့်တိုက်များကို ပြည်သူလူထု လက်လှမ်းမီစွာ အသုံးချနိုင်ရန်နှင့် တန်ဖိုးထား ချစ်မြတ်နိုးတတ်စေရန်၊

(စ) သုတေသနလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေရန်၊

(ဆ) ပြည်သူများ အခြေထရောနစ် မီဒီယာဖြင့် သတင်းအချက်အလက်များ ရယူနိုင်သော ပြည်သူဗဟိုပြု အခြေထရောနစ် စာကြည့်တိုက်များ ပေါ်ထွန်းလာစေရန်၊

(ဇ) ပြည်သူများ အသိပညာဖွံ့ဖြိုးတိုးတက်စေရန် သတင်းအချက်အလက်နည်းပညာကို အသုံးပြု၍ သတင်းအချက်အလက်များအား ရှာဖွေရေးအတွက် အကူအညီပေးရန်၊

(ဈ) ပြည်နယ်စာကြည့်တိုက်များ၊ မြို့နယ်စာကြည့်တိုက်များ၊ ရပ်ကွက်၊ ကျေးရွာ စာကြည့် တိုက်များ၊ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များပေါ်ပေါက်လာစေရန်နှင့် ရေရှည် တည်တံ့ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုစေရန်၊

(ည) စာကြည့်တိုက်များမှ လူထုအခြေပြုဗဟိုဌာနများအဖြစ် ပြောင်းလဲဆောင်ရွက်လာ စေရန်။

အခန်း(၃)
ပြည်နယ်ကော်မတီနှင့်မြို့နယ်ကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် ရှမ်းပြည်နယ် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီကို အောက်ပါ အတိုင်း ဖွဲ့စည်းရမည်-

(က) ဝန်ကြီး ဥက္ကဋ္ဌ

(ခ) အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သော စာကြည့်တိုက်ပညာရှင် ဒုတိယဥက္ကဋ္ဌ

(ဂ) ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အဖွဲ့ဝင်
(ဒုတိယညွှန်ကြားရေးမှူးအဆင့်အောက်မနိမ့်သောကိုယ်စားလှယ်)

(ဃ) ဝန်ကြီးမှ တာဝန်ပေးအပ်သောစာကြည့်တိုက်ပညာရှင်(၂)ဦး အဖွဲ့ဝင်

(ဃ) မြန်မာနိုင်ငံစာကြည့်တိုက်အသင်းမှကိုယ်စားလှယ်(၁)ဦး အဖွဲ့ဝင်

(စ) မြန်မာနိုင်ငံစာပေထုတ်ဝေသူများနှင့်ဖြန့်ချိသူများအသင်းမှကိုယ်စားလှယ် အဖွဲ့ဝင်
(၁)ဦး

(ဆ) မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှကိုယ်စားလှယ်(၁)ဦး အဖွဲ့ဝင်

(ဇ) မြန်မာနိုင်ငံသတင်းစာဆရာများအသင်း(ရှမ်းပြည်နယ်)ကိုယ်စားလှယ်(၁)ဦး အဖွဲ့ဝင်

(စျ) မြန်မာနိုင်ငံစာရေးဆရာအသင်း(ရှမ်းပြည်နယ်)ကိုယ်စားလှယ်(၁)ဦး အဖွဲ့ဝင်

(ည) စာကြည့်တိုက်လုပ်ငန်းကို လက်တွေ့လုပ်ကိုင်သူ သို့မဟုတ် အဖွဲ့ဝင်
စိတ်ပါဝင်စားသူ ကိုယ်စားလှယ်(၃)ဦး

(ဋ) ပြည်နယ်ဦးစီးမှူး၊ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး အတွင်းရေးမှူး
ဦးစီးဌာန

၅။ အစိုးရအဖွဲ့သည် ကော်မတီကို ပုဒ်မ ၄ နှင့်အညီ အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ပြည်နယ်ကော်မတီသည် မြို့နယ်ကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) မြို့နယ်အတွင်းရှိ စာကြည့်တိုက်ပညာရှင် သို့မဟုတ် စာပေပညာရှင် ဥက္ကဋ္ဌ

(ခ) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အဖွဲ့ဝင်

(ဂ) စာကြည့်တိုက်လုပ်ငန်းကိုလက်တွေ့လုပ်ကိုင်နေသူ သို့မဟုတ် အဖွဲ့ဝင်
စိတ်ပါဝင်စားသူကိုယ်စားလှယ်(၃)ဦး

(ဃ) မြို့နယ်စာရေးဆရာအသင်း ကိုယ်စားလှယ်(၁)ဦး အဖွဲ့ဝင်

(င) မြို့နယ်သတင်းစာဆရာများအသင်း ကိုယ်စားလှယ်(၁)ဦး အဖွဲ့ဝင်

(စ) ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလုပ်ငန်းရှင် ကိုယ်စားလှယ်(၁)ဦး အဖွဲ့ဝင်

(ဆ) မြို့နယ်ဦးစီးမှူး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အတွင်းရေးမှူး

၇။ ပြည်နယ်ကော်မတီသည် မြို့နယ်ကော်မတီများကို ပုဒ်မ ၆ နှင့်အညီ အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

အခန်း (၄)
ပြည်နယ်ကော်မတီနှင့် မြို့နယ်ကော်မတီတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၈။ ပြည်နယ်ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်နယ်ကော်မတီသည် မြို့နယ်ကော်မတီက တင်ပြလာသော စာကြည့်တိုက်
မှတ်ပုံတင် လက်မှတ်လျှောက်ထားချက်များကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ခြင်း၊
ထုတ်ပေးခြင်း၊

(ခ) ဤဥပဒေ၏ ရည်ရွယ်ချက်များ အောင်မြင်စေရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) မြို့နယ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ညွှန်ကြားခြင်း၊

(ဃ) စာကြည့်တိုက်များဆိုင်ရာ နည်းပညာရပ်များ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးခြင်း၊

(င) ခေတ်မီလူထုအခြေပြုဗဟိုဌာနများ ဖြစ်ပေါ်လာရေးအတွက် ခေတ်နှင့်လျော်ညီသော

စာပေများ၊ ရှေးဟောင်းစာပေများ စုဆောင်းထားရှိစေခြင်း၊ အများပြည်သူသုံးစွဲနိုင်သည့် ယုံကြည်စိတ်ချရသော အီလက်ထရောနစ် သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများကို အသုံးပြုနိုင်သည့် ကိရိယာပစ္စည်းများ ရရှိစေရန် ဆောင်ရွက်ခြင်း၊

(စ) ရေရှည်တည်တံ့ခိုင်မြဲမည့် လူထုအခြေပြုဗဟိုဌာနများဖြစ်ပေါ်လာစေရန် သက်ဆိုင်ရာ ဌာနများ၊ စာပေမြေတိန်းသူများ၊ အလှူရှင်များနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) စာကြည့်တိုက်များကို ရပ်ကွက်၊ ကျေးရွာတို့၌ ပိုမိုဖွင့်လှစ်လာစေရန် စည်းရုံးခြင်း၊ ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေမှ စာကြည့်တိုက်များအတွက် ငွေကြေး၊ စာအုပ်နှင့် အခြားလိုအပ်ချက်များ တင်ပြတောင်းခံပေးခြင်း၊

(ဇ) စာကြည့်တိုက်ပညာရပ်ဆိုင်ရာသင်တန်းများဖွင့်လှစ်ပေးခြင်း၊

(ဈ) အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း၊

၉။ မြို့နယ်ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြို့နယ်အတွင်းရှိ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အနီးကပ် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ခ) စာကြည့်တိုက်မှတ်ပုံတင်လက်မှတ်များ လျှောက်ထားလာပါက သတ်မှတ်အချိန် ကာလအတွင်း စိစစ်၍ ပြည်နယ်ကော်မတီသို့တင်ပြခြင်း၊

(ဂ) မြို့နယ်အတွင်းရှိ မှတ်ပုံတင်ထားသည့် စာကြည့်တိုက်များ အောင်မြင်စေရေး ကွင်းဆင်း စစ်ဆေး ကြီးကြပ် ဆောင်ရွက်ခြင်း၊

(ဃ) မြို့နယ်အတွင်းရှိ မှတ်ပုံတင်ထားသည့် စာကြည့်တိုက်များအတွက် လိုအပ်သည့် အထောက်အပံ့ရရှိရေး စည်းရုံးဆောင်ရွက်ပေးခြင်း၊

(င) ကလေးငယ်များ၏ ပညာရေးဆိုင်ရာလိုအပ်ချက်များကို အထောက်အပံ့ဖြစ်စေရန်၊ နည်းပညာကို အသုံးပြုနိုင်ရေးလေ့ကျင့်ပညာပေးရန်နှင့်ဝန်ဆောင်မှုများကို လူမှုအဖွဲ့ အစည်းများနှင့်ချိတ်ဆက်ပေးခြင်း၊

(စ) စာကြည့်တိုက်မှူးများကို ခေတ်နှင့်ညီသည့် အရည်အချင်းပြည့်မီစေရန် စာကြည့်တိုက် ပညာသင်တန်းနှင့်စာကြည့်တိုက်အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးခြင်း၊

(ဆ) လိုအပ်သည့်စာအုပ်စာပေတို့ကို စုဆောင်းနိုင်ရန်နှင့်လိုအပ်သည့် ဝန်ဆောင်မှုများကို ပေးနိုင်ရန် အထောက်အကူရနိုင်မည့် အချက်အလက်ကောက်ယူခြင်းဆိုင်ရာ စံ တစ်ခု သတ်မှတ်ခြင်း၊

အခန်း(၅)
စာကြည့်တိုက် မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း

၁၀။ ပြည်နယ်အတွင်း စာကြည့်တိုက်မှတ်ပုံတင်လက်မှတ်ရယူလိုပါက သက်ဆိုင်ရာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး သို့မဟုတ် စာကြည့်တိုက်တည်ထောင်သူများသည် သတ်မှတ်သည့် နည်းလမ်းဖြင့် မြို့နယ်ကော်မတီမှတစ်ဆင့် ပြည်နယ်ကော်မတီသို့ လျှောက်ထားရမည်။

၁၁။ မြို့နယ်ကော်မတီသည် ပုဒ်မ ၁၀ အရ လျှောက်ထားလာသည့် လျှောက်လွှာကို လက်ခံရရှိသည့်နေ့မှ (၁၅)ရက်အတွင်း စိစစ်၍ ပြည်နယ်ကော်မတီသို့ တင်ပြရမည်။

၁၂။ ပြည်နယ်ကော်မတီသည် မြို့နယ်ကော်မတီက တင်ပြလာသည့် လျှောက်လွှာကို လက်ခံရရှိသည့်နေ့မှ (၁၅)ရက်အတွင်း လိုအပ်သော စိစစ်မှုများပြုလုပ်ပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ပြုလုပ်ရမည်။

၁၃။ စာကြည့်တိုက်အတွက် ထုတ်ထားသည့် ခွင့်ပြုမိန့်သည် သတ်မှတ်ကာလအတွင်းဖြစ်ရမည်။

၁၄။ ပြည်နယ်ကော်မတီသည် စာကြည့်တိုက်မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်းကို အခမဲ့ပြုလုပ်ပေးရမည်။

အခန်း(၆)
တားမြစ်ချက်များ

၁၅။ စာကြည့်တိုက်မှတ်ပုံတင်လက်မှတ်ရရှိသူသည် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမပြုရ။

၁၆။ မည်သူမျှ စာကြည့်တိုက်ကို ဤဥပဒေပါ ရည်ရွယ်ချက်လုပ်ငန်းများနှင့် မသက်ဆိုင်သည့် အခြားကိစ္စရပ်များတွင် အသုံးမပြုရ။

၁၇။ မည်သူမျှ စာကြည့်တိုက်ပရဝုဏ်အတွင်း မူးယစ်ရမ်းကားခြင်း၊ ဆူပူခြင်း၊ ဆူညံစေခြင်းနှင့် အေးချမ်းစွာ စာဖတ်သူများကို တစ်နည်းနည်းဖြင့် နှောင့်ယှက်ခြင်း မပြုရ။

အခန်း(၇)
စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့်အယူခံခြင်း

၁၈။ ပုဒ်မ ၁၅၊ ပုဒ်မ ၁၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်သည့် စာကြည့်တိုက်မှတ်ပုံတင်လက်မှတ်ရရှိသူအား ပြည်နယ်ကော်မတီသည် အောက်ပါစီမံခန့်ခွဲရေးအမိန့်များ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) စာကြည့်တိုက်မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဂ) စာကြည့်တိုက်မှတ်ပုံတင်လက်မှတ်ကို ရုပ်သိမ်းခြင်း။

၁၉။ ပြည်နယ်ကော်မတီ၏ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ကို မကျေနပ်ပါက အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အစိုးရအဖွဲ့ထံသို့ အယူခံဝင်နိုင်သည်။

၂၀။ ပုဒ်မ ၁၉ အရ အယူခံဝင်ရာတွင် အစိုးရအဖွဲ့သည် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၁။ အယူခံဝင်ခြင်းနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့၏ အဆုံးအဖြတ်သည် အပြီးအပြတ် အတည်ဖြစ်သည်။

အခန်း(၈)
ပြစ်ဒဏ်များ

၂၂။ မည်သူမဆို ပုဒ်မ ၁၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်၍ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကိုထောင်ဒဏ်(၁)လ အထိဖြစ်စေ၊ ငွေဒဏ် ကျပ်(၁)သိန်းအထိဖြစ်စေ ချမှတ်ရမည်။

၂၃။ ပြည်နယ်အတွင်းရှိ စာကြည့်တိုက်မှတ်ပုံတင်လက်မှတ်ရ စာကြည့်တိုက်များသည် တည်ဆဲဥပဒေများနှင့်အညီ ရန်ပုံငွေစုဆောင်းနိုင်သည်။

၂၄။ အစိုးရအဖွဲ့သည် စာကြည့်တိုက်မှတ်ပုံတင်လက်မှတ်ရ စာကြည့်တိုက်များအတွက် ရန်ပုံငွေကို နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းရေးဆွဲရမည်။

၂၅။ ဤဥပဒေပါ ပုဒ်မ ၂၂ ဖြင့် တရားစွဲဆိုရာတွင် မြို့နယ်ကော်မတီ၏ ကြိုတင်ခွင့်ပြုမိန့်ရယူရမည်။

အခန်း(၉)

အထွေထွေ

၂၆။ ပြည်နယ်အတွင်းရှိ အစိုးရဌာနအဖွဲ့အစည်းများမှ စာကြည့်တိုက်များ၊ အစိုးရနှင့်အစိုးရအသိ အမှတ်ပြု တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံ၊ သက်မွေးဝမ်းကျောင်းပညာသင်ကျောင်း၊ အခြေခံပညာကျောင်းများရှိ စာကြည့်တိုက်များကို ဤဥပဒေအရ လျှောက်ထားရမည့် မှတ်ပုံတင် လက်မှတ်လျှောက်ထားခြင်းမှ ကင်းလွတ်ခွင့်ပြုသည်။

၂၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင်-

(က) ဝန်ကြီးသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။

(ခ) ပြည်နယ်ကော်မတီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် များ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ)စိုင်းထိန်စိုး
ဝန်ကြီးချုပ်
ရှမ်းပြည်နယ်အစိုးရအဖွဲ့